ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ တနင်္လာနေ့၊ (10-1-2005) (၄၄၇၄)

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ **အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။**

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✪





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ကြည့်ရှုအားပေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

**၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၈ရက် နံနက် ၆နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀ နာရီခွဲတွင် ပြိုင်ပွဲကျင်းပသည့် တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။**

**တက်ရောက်**

၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၆နာရီခွဲတွင် တပ်မတော်ဂေါက်ကွင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

# အီရတ်အစိုးရ အရေးပေါ်ဥပဒေ ရက် ၃၀ ထပ်တိုး

ဘဂ္ဂဒက် ဇန်နဝါရီ ၈

**အီရတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် တွန်းလှန်တိုက်ခိုက်မှုအား အီရတ်အစိုးရက ရင်ဆိုင်ဖြေရှင်းနိုင်ရန် နောက်ထပ် အခွင့်အာဏာပေးသည့်အနေဖြင့် အီရတ်ကြားဖြတ်အစိုးရ အာလာဝီက အရေးပေါ်ဥပဒေကို နောက်ထပ်ရက် ၃၀ ကို ကြာသပတေးနေ့က တိုးမြှင့်ပေးလိုက်သည်။**

ယင်းသို့ ရက်တိုးမြှင့်ခြင်းသည် အီရတ် ပြည်သူလူထုနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား ကာကွယ်စောင့်ရှောက်ရန်အတွက် ကြိုတင်ကာကွယ်ခြင်း ဖြစ်ကြောင်း အာလာဝီက သတင်းထောက်များအား ပြောကြားသည်။

**ထုတ်ပြန်**

အီရတ်အစိုးရက ဖလူးဂျာရှိ ပြောက်ကျား ခြေကုပ်စခန်းများအား အဓိကစစ်ဆင်နွှဲရန် လမ်းဖွင့်ပေးသည့်သဘောဖြင့် အရေးပေါ် ဥပဒေကို နိုဝင်ဘာလအတွင်းက ရက် ၆၀ ထုတ်ပြန်ပေးခဲ့သည်။

အဆိုပါ အရေးပေါ် အမိန့်အရ အီရတ်အစိုးရက ညမထွက်ရအမိန့်များ၊ နယ်စပ် ဒေသများနှင့် လေဆိပ်များကိုလိုအပ်ပါက ကန့်သတ်နိုင်သည့် အခွင့်အာဏာရှိသည်။ ထို့ပြင် ဥပဒေအရမဟုတ်သော်လည်း ပြည်သူများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့်လည်း ရှိသည်။

ဇန်နဝါရီတွင် ပြုလုပ်မည့် ရွေးကောက်ပွဲ အထမမြောက်စေရန်အတွက် ပြောက်ကျားများက အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များအား အရှိန်မြှင့်တိုက်ခိုက်လျက်ရှိသည်။

**ကတိကဝတ်ပြု**

အချို့သော နိုင်ငံရေးနှင့်ဘာသာရေး ခေါင်းဆောင်များက ရွေးကောက်ပွဲအား သပိတ်မှောက်ရန် ဆုံးဖြတ်ထားပြီး အချို့သော အီရတ်နိုင်ငံရေးသမားများက လုံခြုံရေး ကောင်းမွန်တိုးတက်လာသည်အထိ ခြောက်လထက်မနည်း ရပ်ဆိုင်းထားရန် နှိုးဆော်ထားကြသော်လည်း အာလာဝီက ရွေးကောက်ပွဲကို ယခင်အတိုင်း ကျင်းပမည်ဟု ဗုဒ္ဓဟူးနေ့က ကတိကဝတ်ပြု ပြောကြားခဲ့သည်။

ရွေးကောက်ပွဲအချိန် သတ်မှတ်ထားသည့်အတိုင်း ကျင်းပမှုသည် အကြမ်းဖက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပွားနေသော အီရတ်နိုင်ငံတွင် ထိန်းချုပ်ရန်နှင့်ဒီမိုကရေစီရရှိရေးအတွက် အီရတ်နိုင်ငံအား တွန်းအားပေး လုပ်ဆောင်ရမည့် အထင်ကရကြိုးပမ်းမှု တစ်ခုဖြစ်ကြောင်း အာလာဝီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၃၇၀ကွာဝေးသော မိုဆူးလ်မြို့တစ်နေရာတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး ၎င်း၏ စက်သေနတ်ကို စမ်းသပ်ပစ်ခတ်နေသည်ကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နှစ်ဦးအား ရေထဲတွန်းချ၊ တစ်ဦး ရေနစ်သေဆုံး

ဖို့တ်ဟုဒ်(တက္ကဆက်) ဇန်နဝါရီ ၇

**အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးက အီရတ်အရပ်သားနှစ်ဦးအား တိုက်ဂရစ်မြစ်အတွင်း တွန်းချပြီး အရပ်သားတစ်ဦး ရေနစ်နေပုံကို ကြည့်ရှု၍ ရယ်မောနေကြကြောင်း အသက်မသေဘဲ ကျန်ရစ်သူတစ်ဦးက ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။**

အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီး ထရေစီပါကင်သည် လူသတ်မှု၊ ကိုယ်ထိ လက်ရောက်တိုက်ခိုက်မှုနှင့် တရားဥပဒေကို ဟန့်တားမှု စွပ်စွဲချက်များဖြင့် ထောင်ဒဏ် ၂၅ နှစ်ကျော် ကျဖွယ်ရှိသည်။ အီရတ် အရပ်သားတစ်ဦးအား တိုက်ဂရစ် မြစ်ပေါ်ရှိ တံတားမှ တွန်းချရန် ငယ်သားများအား အမိန့်ပေးခဲ့သဖြင့် ၎င်းကို လူသတ်မှုဖြင့် စွဲချက်တင်ထားသည်။

**သက်သေထွက်ဆို**

မာဝမ်ဖာဒီသည် ၎င်း၏ ညီဝမ်းကွဲ ဟာတ်ဆန်နှင့်အတူ ရေထဲတွန်းချခံရသူဖြစ်ပြီး ၎င်းတို့ နှစ်ဦးက တောင်းပန်နေသည့်ကြားမှ အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ကို သေနတ်ဖြင့်ချိန်ကာ တံတားပေါ်မှ ရေထဲသို့ တွန်းချခြင်းဖြစ်ကြောင်း သက်သေထွက်ဆိုခဲ့သည်။

**ပြောကြား**

ဟာတ်ဆန်အနေဖြင့် ရေထဲတွင် ရက်သတ္တနှစ်ပတ်ခန့်မနေနိုင်ကြောင်း ဟာတ်ဆန်၏ အလောင်းရိုက်ထားသည့် ဗီဒီယိုအခွေအား စုံစမ်းစစ်ဆေးသည့် ရောဂါဗေဒပညာရှင်က ပြောကြားသည်။ တံတားပေါ်မှ အီရတ်နှစ်ဦး ရေထဲတွန်းချခံရပြီးသည့်နောက် လူရွယ်တစ်ဦး၏ အလောင်းမျက်နှာမှောက်လျက်ပုံစံဖြင့် ရေထဲ ၁၂ ရက်ခန့် မျောနေသည်ကို တွေ့ရကြောင်း ဟာတ်ဆန်၏ ဆွေမျိုးသားချင်းများက ပြောကြားသည်။

ရက်သတ္တပတ်နှစ်ပတ်ကြာပြီး အချိန်ကာလနောက်ပိုင်းသေဆုံးသူ၏ မျက်နှာသွင်ပြင်သည် အရိုးစုဖြစ်လုနီးပါးပုံစံသို့ ရောက်သွားနိုင်ကြောင်း တက္ကဆက်ပြည်နယ် အော်စတင်မြို့တွင် လုပ်ငန်းလုပ်ကိုင်နေသူ ဒေါက်တာ အယ်လီဇဘက်က ပြောကြားသည်။

ဟာတ်ဆန်၏ မိသားစုက ၎င်းအား သင်္ဂြိုဟ်ပြီးစီးကြောင်း ပြောကြားပြီးသည့်နောက် မည်သည့်အလောင်းမှ မတွေ့ရှိရ သို့တည်းမဟုတ် အလောင်းပြန်ဖော်ယူခြင်းမရှိကြောင်း ကြည်းတပ်မှ မှူးခင်းစစ်ဆေးရေးမှူး စင်ထရွန်က တရားသူကြီးအဖွဲ့အားပြောကြားသည်။

ဖော်ပြပါ အမှုကိစ္စနှင့်စပ်လျဉ်းသည့် အကြောင်းပြချက်များ ကြာသပတေးနေ့တွင် အဆုံးသတ်ပြီဖြစ်၍ ယင်းကိစ္စကို စစ်ဘက်ဆိုင်ရာ ဂျူရီ အကဲဖြတ်အဖွဲ့ထံသို့ တင်မည်ဖြစ်သည်။

အသက်မသေဘဲ ကျန်ရှိသူဖာဒီက ၎င်းနှင့် သေဆုံးသူ၎င်း၏ညီဟာတ်ဆန်တို့သည် ဘဂ္ဂဒက်မှ ဆမ်မာရီမြို့သို့ ပစ္စည်းများ သွားရောက်ပေးပို့စဉ် အမေရိကန် တပ်ဖွဲ့ဝင်များက ၎င်းတို့အား ထိန်းသိမ်းခဲ့ကြောင်း၊ ယင်းနောက် ရေစပ်နားတွင် သေနတ်ဖြင့် ချိန်ကာ ခေါ်သွားကြောင်း စသည်ဖြင့် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

# ပီရူးတွင် မူးယစ်ဆေးဝါး ၃၂၄ ကီလိုဂရမ် ဖမ်းဆီးရမိ

**လီမာ ဇန်နဝါရီ ၈**

ပီရူးနိုင်ငံတွင် ရဲတပ်ဖွဲ့များက စစ်ဆင်ရေးပြုလုပ်၍ဖမ်းဆီးရာ ကိုကင်း ၃၂၄ ကီလိုဂရမ်နှင့် မသင်္ကာဖွယ်လူခြောက်ဦးတို့ကို ဖမ်းဆီးလိုက်ကြောင်း မူးယစ်ဆေးဝါး နှိမ်နင်းရေးရုံးမှ အကြီးအကဲ အီဒူဝါဒိုမွန်တီရိုက ဇန်နဝါရီ ၆ ရက်နေ့တွင် ပြောကြားသည်။

လီမာမြို့ပြင်တစ်နေရာတွင် မူးယစ်ဆေးဝါးများကို ဟင်းသီးဟင်းရွက်တင်လာသော ထရပ်ကားပေါ်တွင် အထုပ်ငယ်လေးပေါင်း ၂၇၉ ထုပ်အဖြစ် ခွဲခြားထုပ်ပိုး၍ ရောနှော သယ်ဆောင်လာစဉ် ဇန်နဝါရီ ၅ ရက်နေ့က ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု မွန်တီရိုက ပြောကြားသည်။ မူးယစ်ဆေးဝါး မှောင်ခိုသူများသည် ထိုကိုကင်းများကို အိမ်နီးနားချင်း အီကွေဒေါနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ခိုးထုတ်ရန် ကြိုးပမ်းကြခြင်း ဖြစ်သည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပြင်သစ်သတင်းစာဆရာနှစ်ဦး အီရတ်တွင် ပျောက်ဆုံးမှု ပြင်သစ်နိုင်ငံခြားရေးဌာနက အတည်ပြုပြောကြား

**ပါရီ ဇန်နဝါရီ ၇**

ပြင်သစ်လစ်ဘရေးရှင်းသတင်းစာမှ သတင်းစာဆရာဖလော့ရင့်စ်ယူဘီးနပ်စ်နှင့် ၎င်း၏လက်ထောက် ဟာနွန်အယ်လ်ဆာဒီတို့နှစ်ဦး ဗုဒ္ဓဟူးနေ့နံနက်ပိုင်းမှစ၍ ပျောက်ဆုံးနေကြောင်း ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြာသပတေးနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

ပြင်သစ် လစ်ဘရေးရှင်းသတင်းစာတိုက်က ဖော်ပြပါသတင်းစာဆရာများ ပျောက်ဆုံးမှုကို မိမိတို့အား သတင်းကြားပြီးနောက် ဘဂ္ဂဒက်မြို့ရှိ မိမိတို့ကိုယ်စားလှယ်များနှင့် ပါရီရှိ မိမိတို့ဝန်ကြီးဌာနက ၎င်းတို့ ရှာဖွေတွေ့ရှိရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လက်ဆိုအပ်က ပြောကြားသည်။

မီဒီယာသတင်းဌာနမှ ကိုယ်စားလှယ်များအပါအဝင် မိမိတို့နိုင်ငံသားများအနေဖြင့် အီရတ်နိုင်ငံ၏ လက်ရှိလုံခြုံရေး အခြေအနေသည် ဘေးအန္တရာယ်ရှိနေသဖြင့် ယင်းနိုင်ငံသို့ ခရီးမသွားကြရန် ထပ်မံတိုက်တွန်းကြောင်း လက်ဆိုအပ်က ဆက်လက်ပြောကြားသည်။

လစ်ဘရေးရှင်းသတင်းစာတိုက်က ဖလောရင့်စ်နှင့် ၎င်း၏လက်ထောက် ဟာနွန်အယ်လ်-ဆာဒီတို့နှင့် ပတ်သက်သည့် သတင်းကို လွန်ခဲ့သည့်၂၄နာရီကျော်အချိန်ကစ၍ မရရှိခဲ့ဘဲဖြစ်ကြောင်း စောစောပိုင်းရက်က ကြေညာခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် လစ်ဘရေးရှင်း သတင်းစာနှင့် နှစ်နှစ်နီးပါး ပူးပေါင်းဆောင်ရွက်နေသူများဖြစ်သည်။

**ကြေညာချက်**

ဖလောရင့်စ်နှင့် အယ်လ်ဆာဒီတို့သည် ဘဂ္ဂဒက်ဟိုတယ်မှ ဗုဒ္ဓဟူးနေ့က ထွက်ခွာခဲ့သည်။ သို့ရာတွင် အိမ်သို့ပြန်မရောက်ကြောင်း၊ ယင်းရက်နောက်ပိုင်းတွင် ၎င်းတို့အား မမြင်ရတော့ကြောင်း လစ်ဘရေးရှင်း သတင်းစာက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ကန်မရိန်းတပ်ဖွဲ့ဝင်များ ဖလူးဂျာမြို့တွင် ကင်းလှည့်နေကြသည်ကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# သြစတြေးလျနိုင်ငံသား ဂွာတာနာမိုသို့မပို့မီ အီဂျစ်၌ ခြောက်လကြာ နှိပ်စက်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၈**

သြစတြေးလျ အကြမ်းဖက်သမားဟု သင်္ကာမကင်းရှိသူ မမ်ဒုဟာဘစ်က အာဖဂန်နစ္စတန်၌ ၎င်းအားဖမ်းဆီးထားပြီးနောက် ကျူးဘားနိုင်ငံဂွာတာနာမိုစစ်အကျဉ်းစခန်းသို့မပို့မီ ၂၀၀၁ ခုနှစ်ကုန်ပိုင်းက အီဂျစ်သို့ အမေရိကန်အာဏာပိုင်များက ပို့လိုက်ကြောင်း၊ အီဂျစ်၌ ခြောက်လကြာ ထိန်းသိမ်းခံရစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုခံရသည်ဟု ပြောကြားကြောင်းဖြင့် ဝါရှင်တန်ပို့စ် သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

ဝါရှင်တန်ပို့စ်သတင်းစာက မမ်ဒုဟာဘစ်၏ အမှုနှင့်စပ်လျဉ်း၍ တရားရုံးက ထုတ်ပေးသည့် အထောက်အထားအတွက် စာတမ်းများကို ကိုးကား ဖော်ပြလိုက်ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ၌ ထိန်းသိမ်းခံရစဉ် ၎င်းအားကြိုးဖြင့်ချည်ပြီး တွဲလောင်းဆွဲထားကြောင်း၊ ထို့ပြင် ရက်ရက်စက်စက် ရိုက်နှက်သဖြင့် အကြိမ်ကြိမ်သွေးလန့်ခဲ့ရကြောင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်းအား အီဂျစ်သို့ ပြန်ပို့ရန် ပန်ကြားလွှာတွင် ၎င်းကဖော်ပြထားသည်။

အီဂျစ်နိုင်ငံ၌ မွေးဖွားခဲ့သူ ဟာဘစ်သည် ကလေးလေးယောက် ဖခင်ဖြစ်သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်ပြည်ထောင်စု အကြမ်းဖက်တိုက်ခိုက်ခံရပြီး ရက်သတ္တသုံးပတ်အကြာ နယ်စပ်ကို ဖြတ်ပြီး ပါကစ္စတန်မှ အာဖဂန်နစ္စတန်သို့အသွားတွင် အယ်လ်ခိုင်ဒါ သင်တန်းမှူးတစ်ဦး အဖြစ် သင်္ကာမကင်းခံရဖြစ်ပြီး အဖမ်းခံလိုက်ရခြင်းဖြစ်သည်ဟု ဝါရှင်တန်ပို့စ်က ရေးသားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း ကဏ္ဍတွင် ပါကစ္စတန်နှင့် အီရန် ပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၇

**ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့သည် နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် အထူးသဖြင့် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် ပါကစ္စတန်အေပီသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။**

ပါကစ္စတန်နိုင်ငံတွင် ရောက်ရှိနေသော အီရန် ရေနံလုပ်ငန်းဝန်ကြီး ဘီဂျန်နမ်ဒါဇင်ဂီးနက် ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့နှင့် ပါကစ္စတန် ရေနံနှင့်သဘာဝ အရင်းအမြစ်များ ဝန်ကြီး ခန်းဂျာဒွန်းတို့ တွေ့ဆုံဆွေးနွေးကြရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံသို့ တစ်ရက်ကြာ လာရောက်သည့် ခရီးစဉ်အတွင်း အီရန်ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ တာဝန်ရှိသူများ၏ ဆွေးနွေးမှုများတွင် အီရန်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ရောင်းချရေးကိစ္စ ပါဝင်ကြောင်း သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံသည် ၎င်းနိုင်ငံက ထုတ်လုပ်သော ဓာတ်ငွေ့အတွက် ဈေးကွက်ရှာရန် လိုလားနေပြီး ပါကစ္စတန်နိုင်ငံသည်လည်း လာမည့်နှစ်များတွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပမှ ဓာတ်ငွေ့ဝယ်ယူတင်သွင်းရမည် ဖြစ်သည်။

အီရန်နိုင်ငံမှ ဓာတ်ငွေ့တင်ပို့ ရောင်းချနိုင်မည့် နည်းလမ်း အမျိုးမျိုးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် အီရန် ရေနံလုပ်ငန်းဝန်ကြီးသည် ပါကစ္စတန် ဝန်ကြီးချုပ် ရှောက်ကတ်ဇစ်နှင့်လည်း တွေ့ဆုံခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror
## နိုင်ငံတကာ သတင်းများ

# ဘရာဇီးတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံမြေသစ်ရှာဖွေတွေ့ရှိ

ရီယိုဒီဂျနေရီး ဇန်နဝါရီ ၈

**ဘရာဇီးနိုင်ငံ၏ နိုင်ငံပိုင်ရေနံကုမ္ပဏီသည် ထိုနိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်တွင် အကောင်းစားရေနံများ ထွက်ရှိသော ရေနံမြေတစ်ခုကို ရှာဖွေတွေ့ရှိကြောင်း ဇန်နဝါရီ ၆ ရက်က သတင်းများထွက်ပေါ်လာသည်။ ထိုရေနံမြေအသစ်သည် နိုင်ငံ၏အရှေ့တောင်ပိုင်းရှိ အိစ်ပီရီတူဆန်တိုပြည်နယ်တွင် တွေ့ရှိခြင်းဖြစ်သည်။ ပက်ထရိုဘားစ်ကုမ္ပဏီသည် ဘရာဇီးနိုင်ငံ၏ နိုင်ငံပိုင်ရေနံကုမ္ပဏီဖြစ်သည်။**

### ရှာဖွေတွေ့ရှိ

နိုင်ငံပိုင် ရေနံကုမ္ပဏီသည် အတ္တလန္တိတ် သမုဒ္ဒရာကမ်းလွန် ပင်လယ်ပြင်၌ ရေနံရှာဖွေရာ အဆင့်မြင့်သော အကောင်းစား ရေနံနှင့်ဓာတ်ငွေ့မြေတစ်ခုကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ပက်ထရိုဘားစ်ကုမ္ပဏီ၏ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဂူအီးဟာမီးလ် အက်စ်တရီးယားက အတည်ပြု ပြောကြားသည်။ ရေနံများကို မီတာ ၉၀ မျှထူသော သဲကြော တစ်နေရာတွင် ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

အဆိုပါ ရေနံသိုက်၏ ပမာဏကို တွက်ချက်ပြီးနောက် ၂၀၀၆ ခုနှစ်ခန့်တွင် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းသို့ ထုတ်လုပ်သောအခါ တစ်ရက်လျှင် ရေနံစိမ်း စည်ပေါင်း အနည်းဆုံး ၁၀၀၀၀၀ ထုတ်လုပ်နိုင်သည်ဟု အက်စ်တရီးယားက ဆက်လက် ပြောကြားသည်။

### တည်ရှိ

အဆိုပါ ရေနံမြေသည် အိစ်ပီရီတူဆန်တိုပြည်နယ်၏ ကမ်းလွန်ပင်လယ်ပြင် ၆၅ မိုင်အကွာ နေရာတွင် တည်ရှိသည်။ ရေနံများကို အနက်ပေ စုစုပေါင်း ၃၄၀၀ မီတာရှိသော နေရာ၌ တွေ့ရှိခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



တိုယိုတာကုမ္ပဏီ၏ ပရီရပ်(လောင်စာနှစ်မျိုးသုံး) မော်တော်ယာဉ်များကို ဂျပန်နိုင်ငံ အလယ်ပိုင်းရှိ စူးစူးမီ စက်ရုံတစ်နေရာတွင် လုပ်သားတစ်ဦး တပ်ဆင်နေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# ပနားမား–စင်ကာပူ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုရရှိရန် ဆက်လက်ဆွေးနွေး

ပနားမားစီးတီး ဇန်နဝါရီ ၈

**ပနားမားနှင့် စင်ကာပူနိုင်ငံတို့သည် ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၈ ရက်ကာလအတွင်း လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ထိုစဉ်က မပြီးပြတ်ခဲ့သော အစည်းအဝေးကို ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြကြောင်း ပနားမားနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးက ဇန်နဝါရီ ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။**

နှစ်နိုင်ငံ ဆွေးနွေးပွဲများသည် ၂၀၀၄ ခုနှစ် ဇူလိုင်လပိုင်းတွင် ရှေ့မတိုးနိုင်ဘဲ ရပ်တန့်သွားခဲ့သည်။ သို့ရာတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက အဆိုပါ အစည်းအဝေးကို ထပ်မံကျင်းပသွားရေး ကိစ္စကို လက်ခံခဲ့ကြသည်။ ထိုစဉ်က ဆက်သွယ်ရေးဆိုင်ရာကိစ္စများ၊ အစိုးရများက ဝယ်ယူတင်သွင်းသောကိစ္စများ၊ ငွေပေးငွေယူကိစ္စများနှင့် အရောင်းအဝယ်လုပ်သည့် ပစ္စည်းများ၏ မူလအစ ထုတ်လုပ်သောနိုင်ငံ သတ်မှတ်ရေးကိစ္စ စသည့်အကြောင်းအရာများနှင့် ပတ်သက်၍ အပြီးသတ် သဘောတူညီမှု ရရှိအောင် ဆွေးနွေးနိုင်ခဲ့ခြင်းမရှိဟု သိရသည်။

သို့ရာတွင် သက်ဆိုင်ရာ နှစ်နိုင်ငံတို့သည် သဘောတူညီချက်တွင် ပါရှိသော အခန်း ၁၂ ခန်းအနက် ရှစ်ခန်းနှင့် သက်ဆိုင်သောကိစ္စများကို သဘောတူညီခဲ့ကြသည်။

ဈေးကွက်ဆိုင်ရာကိစ္စနှင့် ပတ်သက်၍ စက်မှုထုတ်ကုန် ၁၁ မျိုးနှင့် စိုက်ပျိုးရေး ထွက်ကုန်လေးမျိုးတို့ ကိစ္စတွင် သဘောတူညီမှု မရနိုင်သေးဘဲရှိကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆွေးနွေးဖက်နှစ်နိုင်ငံတို့သည် တတိယအကြိမ် ဆွေးနွေးကြရာ၌ အပြီးသတ် သဘောတူညီမှုရရှိအောင် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

### သဘောတူ

နှစ်နိုင်ငံတို့သည် ရေကြောင်းသွားလာမှုဆိုင်ရာ သင်္ဘောများနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှု မပြုလုပ်ကြရန် သဘောတူ လက်ခံထားကြသည်ဟု ဆိုသည်။

ပနားမားနိုင်ငံသည် စင်ကာပူနိုင်ငံနှင့် လွတ်လပ်စွာ သဘောတူညီရေးကိစ္စ ဆောင်ရွက်နိုင်မည်ဆိုလျှင် ပနားမားနိုင်ငံသို့ စင်ကာပူမှ အရင်းအနှီးအများအပြား စီးဝင်လာစရာရှိကြောင်း ပနားမား ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး အလီဂျန်ဒရိုဖာရေးက ပြောကြားသည်။

အဆိုပါ သဘောတူညီမှု ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပနားမားနိုင်ငံသည် အာရှနိုင်ငံတစ်ခုနှင့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်သည့် ပထမဦးဆုံးသော လက်တင်အမေရိကနိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကျိုင်းကောင်အန္တရာယ် ကာကွယ်ရေးအကူအညီပေးရန် ဂီနီဘစ်ဆောနိုင်ငံ ဝန်ကြီးချုပ် မေတ္တာရပ်ခံ

လူအန်ဒါ ဇန်နဝါရီ ၈

**ဂီနီဘစ်ဆောနိုင်ငံ၏ မြောက်ဘက်နှင့်အရှေ့ဘက်ရှိ စိုက်ခင်းများနှင့် စားကျက်မြေများတွင် ကျိုင်းကောင်များ ကျရောက်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့်အတွက် နိုင်ငံတကာမှ အကူအညီများပေးကြရန် ဝန်ကြီးချုပ် ကာလိုစ် ဂူမိစ်ဂျူနီယာက မေတ္တာရပ်ခံထားသည်။**

ဂီနီယာဒေသတွင် ပြီးခဲ့သောလက ကျိုင်းကောင်များ ဒုက္ခပေးသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ဝန်ကြီးချုပ် ဂူမိစ်ဂျူနီယာသည် နိုင်ငံ၏မြောက်ပိုင်း မန်ဆိုဟာဒေသနှင့် အရှေ့ပိုင်းရှိ ဘာဖာတာဒေသများသို့ အခြေအနေကို လေ့လာသိရှိနိုင်ရန် သွားရောက်ခဲ့ပြီးနောက် အကူအညီ တောင်းခံသည့် မေတ္တာရပ်ခံချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မိမိတို့နိုင်ငံတွင် ကျိုင်းကောင်များ၏ အန္တရာယ်ကိုကာကွယ်နိုင်သည့် အင်အားချို့တဲ့နေသောကြောင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံမှ အချိန်မနှောင်းမီ အကူအညီ တောင်းခံရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ယခုကျရောက်လျက်ရှိသော ကျိုင်းကောင်များသည် နှစ်အတန်ကြာကာလအတွင်း တွေ့ကြုံရသော ဆိုးရွားလှသည့် ဘေးဒုက္ခပင်ဖြစ်သည်ဟု လယ်သမားများက ပြောကြားကြသည်။ ၎င်းတို့အနေဖြင့် ကျိုင်းကောင်အန္တရာယ်ကို တားဆီးနိုင်ရန်အတွက် အကောင်းဆုံးလုပ်နိုင်သည့် နည်းလမ်းမှာ ကားတာယာများကို မီးရှို့ခြင်းဖြင့် မီးခိုးမှိုင်းတိုက်၍ ကျိုင်းကောင်များကို နှင်ထုတ်သည့် နည်းလမ်းတစ်ရပ်သာ ကျင့်သုံးနိုင်ကြသည်ဟု ဆိုသည်။

ဝန်ကြီးချုပ် ဂူမိစ်ဂျူနီယာနှင့်အတူ ကျိုင်းကောင်များအန္တရာယ် ကျရောက်လျက်ရှိသော ဒေသများသို့ သွားရောက်လေ့လာရာ၌ ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်နှင့် ကုလသမဂ္ဂ စိုက်ပျိုးရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များလည်း လိုက်ပါသွားကြသည်။ ဂီနီဘစ်ဆောအစိုးရက ကျိုင်းကောင်နှိမ်နင်းရေး အစီအစဉ်များကို ရေးဆွဲတင်ပြလာလျှင် မိမိတို့အနေဖြင့် အကူအညီပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂကိုယ်စားလှယ်များက ကမ်းလှမ်းခဲ့ကြသည်ဟု ဆိုသည်။

ဂီနီဘစ်ဆောနိုင်ငံသည် မြောက်အာဖရိကကမ်းခြေဒေသတွင် တည်ရှိသောနိုင်ငံဖြစ်သည်။ မြောက်ဘက်တွင် ဆီနီဂေါနိုင်ငံ၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ဂီနီနိုင်ငံနှင့် အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာများ တည်ရှိသည်။ ထိုနိုင်ငံ၏ နယ်နိမိတ်အတွင်း ဂိုလမ်ဘာကျွန်းနှင့် ဘိုဂျိဂိုးစ်ကျွန်းစုဒေသတို့လည်း ပါဝင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ချန်ဒူးတွင် ထိုင်းကောင်စစ်ဝန်ရုံး ဖွင့်လှစ်မည်

**ချန်ဒူး ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၏မြို့တော် ချန်ဒူးမြို့တွင် ကောင်စစ်ဝန် ရုံးတစ်ရုံးကို ယခုနှစ်အတွင်း ဖွင့်လှစ်မည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ရေးနှင့် ပတ်သက်ပြီး နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

စီချွမ်ပြည်နယ်နှင့် ထိုင်းနိုင်ငံတို့အကြား တိုးတက်များပြားလာသော စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ချန်ဒူးမြို့တွင် ရုံးဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့လယ်ရှိ လမ်းတစ်လမ်းတွင် ရုံးဆင်း ရုံးတက်ချိန် ယာဉ်များဖြင့် ပြည့်ကျပ်နေသည်ကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ပေကျင်း ခရီးသွားလုပ်ငန်းပြပွဲ တန်ဇန်းနီးယား ပါဝင်ပြသမည်

**ဒါအက်ဆလမ် ဇန်နဝါရီ ၈**

တန်ဇန်းနီးယားနိုင်ငံသည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဧပြီလတွင် ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲတွင် ပါဝင်ပြသမည်ဖြစ်ကြောင်း တန်ဇန်းနီးယား ခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

### လက်မှတ်ရေးထိုး

တန်ဇန်းနီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ တိုက်ရိုက်ပျံသန်းမည့် လေကြောင်းခရီးစဉ်များ ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူး ပီတာဝင်ဂူက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် တန်ဇန်းနီးယား နိုင်ငံတို့သည် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ယခင်နှစ်က လက်မှတ်ရေးထိုးခဲ့ကြသည်။

### ပထမဦးဆုံးအကြိမ်

ပေကျင်းတွင်ကျင်းပမည့်ပြပွဲသည် တန်ဇန်းနီးယားအတွက် အကျိုးရှိမည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ကျင်းပသည့် ခရီးသွားလုပ်ငန်းပြပွဲများသို့ ပထမဦးဆုံးအကြိမ် ပါဝင်ပြသခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အသက်ရှည်စွာ အနာမဲ့ရေး (၇)

**ဒေါက်တာလွင်ကို**

ဆရာရေ–ဒီနေ့တော့ မိတ်ဆွေသစ်တစ်ယောက် ခေါ်လာခဲ့တယ်။ ဦးထွန်းကြည်တဲ့ ရှေ့နေကြီးပါ၊ ဆရာ့ဆောင်းပါးတွေဖတ်ပြီး အင်တီအောက်စီဒင့်အာနိသင်ရအောင် ဝိုင်အရက်သောက်ရင်း ဝိုင်မရတဲ့အခါ အခြားအရက်လည်း ဒီအာနိသင်ရှိမှာပဲဆိုပြီး သောက်နေတယ်။ ဦးဘချော်က စကားစပါသည်။

နည်းနည်းပါးပါးပါဆရာ၊ ကျွန်တော်ခံစားနေရတဲ့ ပန်းနာရင်ကျပ် သက်သာပါတယ်၊ နောက်ပြီး အရက်က သွေးကြောတွေ ကျယ်တယ်ဆိုတော့ နှလုံးသွေးကြောကျယ်အောင်လို့ပါ ဆရာ၊ ကျွန်တော့်မှာ နှလုံးသွေးကြော ကျဉ်းစပြုနေပြီလို့ ရန်ကုန်မှာ Check up လုပ်တုန်းက သိခဲ့ရလို့ပါ။

ကျွန်တော်ကတော့ အရက်အကြောင်း သိပ်မသိပါဘူး၊ သို့သော် သိသလောက်ပြောရရင် ဝိုင်အရက်က ဥပမာ–မက်မန်းဝိုင်ဆိုပါတော့၊ မက်မန်းသီးကို ခါးရာပေး၊ သကြားနဲ့ဆား သင့်ရုံထည့် စဉ့်အိုးကြီးကြီးမှာထည့် ခြောက်လ၊ တစ်နှစ် အလုံပိတ်ထားတာ မက်မန်းသီးက ထွက်လာတဲ့ အရည်၊ အဲဒီအရည်မှာ Antioxidant ပါတယ်လို့ အင်တာနက်က ထုတ်ယူထားတဲ့ စာထဲမှာ တွေ့ရပါတယ်။ အဲဒါကို Ferment ဖာမင့်လုပ်တယ်လို့ နားလည်ရပါတယ်။ တခြားအရက်ကတော့ ကောက်ညှင်းဆန်နဲ့ (တဆေး) ရောပြီး ရေစိမ်၊ တစ်ပတ်လောက်ကြာတော့ ပေါင်းအိုးထဲထည့်ပေါင်းပြီး ကျလာတဲ့ ချွေးကို ခံယူတာပါပဲ၊ ပထမပိုင်း ကျတာကို (ဦးရေ)လို့ ခေါ်ကြတယ်။ မီးတောက်အရက်အပြင်းစားပေါ့၊ နောက် ရေထပ်ထည့်၊ ထပ်ပေါင်း၊ စသည်ဖြင့် ဆောင်ရွက်တာက Distilled ပေါင်းခံအရက်ပါ၊ အဲဒီမှာ Antioxidant ပါတယ်လို့ ဘယ်သုတေသနစာတမ်းမှာမှ မတွေ့ဖူးပါဘူး။

"ကျွန်တော် ရင်ကျပ်ပန်းနာတော့တော်တော်သက်သာသွားပါတယ်ဆရာ"

Antioxidantအာနိသင်ကြောင့် သက်သာတာမဟုတ်ပါဘူး ရှေ့နေကြီး၊ အရက်မှာပါတဲ့ လေပြွန်ကို ကျယ်စေတဲ့ အာနိသင်ကြောင့် သက်သာတာပါ၊ နောက်ပြီး Sedation စိတ်ငြိမ်စေတဲ့ အာနိသင်လည်း ရှိလို့ပါ၊ ဒါ့အပြင် ကျွန်တော်တို့တစ်တွေ အမှတ်မှားနေတာက အရက်သောက်ရင် သွေးကြောတွေ ကျယ်ပြီး နွေးနွေးထွေးထွေးဖြစ်တယ်၊ မျက်နှာတွေ နီလာတယ်၊ အဲဒီတော့ နှလုံးသွေးကြောကိုလည်း ကျယ်စေမယ်ပေါ့၊ တကယ်တော့ ကျယ်လာတဲ့ သွေးကြောတွေက ခန္ဓာကိုယ်အပြင်ပိုင်း၊ အရေပြားအောက်မှာရှိတဲ့ သွေးကြောတွေ၊ နှလုံးသွေးကြောကိုတော့ မကျယ်စေပါဘူး။ အရက်သောက်လို့ ရောဂါပျောက်ဖို့ မစဉ်းစားပါနဲ့၊ စွဲသွားမှာ စိုးလို့ပါ၊ အရက်စွဲလို့ဖြစ်တဲ့ ဆိုးကျိုးတွေကို ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားတာ TV မှာ အမြဲလို တွေ့ရတယ်မို့လား၊ အချက်(၉)ချက်နဲ့လေ။

– "ဟုတ်ကဲ့ပါဆရာ၊ တစ်ပက်–နှစ်ပက်ပါ"

– "ရှေ့နေကြီး၊ ဈေးဆစ်နေပြီ၊ ခင်ဗျားလည်း ပညာတတ်ကြီးပါဗျာ၊ All habits are gathered by small degree, so as a little drop of rain make mighty ocean and a little grain of sand make pleasant land. တဲ့။"

– "ဆရာ ကျွန်တော်တို့အတွက် ထပ်ရှင်းပါဦးဟု ဦးလေးချစ်က ဆိုပါသည်"

– "ဟုတ်ကဲ့ခင်ဗျ၊ အားလုံးသော အကျင့်စရိုက်များသည် အသေးအဖွဲ့ အမှတ်မထင်ကိစ္စကလေးများမှ စကြပါတယ်၊ ဒီလိုပါပဲ၊ တစ်စက်ချင်းကျတဲ့ မိုးပေါက်ကလေးတွေက အင်အားကြီးမားတဲ့ သမုဒ္ဒရာကြီးကို ဖြစ်စေသလို၊ တစ်ပွင့်ချင်း တစ်ပွင့်ချင်းစုလာတဲ့ သဲမြေမှုန်ကလေးတွေကလည်း သာယာလှပတဲ့ ကမ္ဘာမြေကြီးကို ဖန်တီးပါတယ်တဲ့"

"နားလည်တော့လည်း ကောင်းလိုက်တဲ့ စာသားဗျာ၊ ရှေ့နေကြီး အစွဲအလမ်းမဖြစ်ခင် နားလည်ပေတော့၊ ပညာရှိ သတိဖြစ်ခဲဆိုတာမျိုး မဖြစ်စေနဲ့လေ၊ ကျွန်တော်တို့ အခုရောက်လာရခြင်း ပင်မအကြောင်းစရအောင်၊ အရင်အပတ်က ဗီတာမင်နဲ့ သတ္တုဓာတ် ဘယ်လောက်ပမာဏ စားသင့်တယ်ဆိုတာ ဆက်ဆွေးနွေးတာလေး ကြားချင်လို့ ဆရာ့ဆီလာကြတာ၊ ဆရာအားမယ့်အချိန်ကို ကျွန်တော်တို့ တော်တော်ချောင်း ရပါတယ်"

"ရပါတယ် ဦးလေးတို့ ခင်ဗျား၊ ဦးလေးတို့ စိတ်ဝင်စားမယ်ထင်လို့ ကျွန်တော် ဘာသာပြန်ထားပါတယ်။ အမျိုးသားသုတေသနကောင်စီက ထုတ်ဝေထားတာပါပဲ၊ မွေးကင်းစကလေးကနေပြီး ကလေး၊ လူကြီး၊ ကျား၊ မ၊ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်များအတွက်ပါ ဇယားဖော်ပြထားပါတယ်"

"ဒီအချိန်အဆတွေကို ဘယ်လိုတွက်စားရမှာလဲဆရာ" ဟု ဦးလေးတင်အေးက တစ်ဖက်ပါ ဇယားကွက်များကို သေချာကြည့်၍ မေးပါသည်။

"နေ့စဉ်တော့ ဘယ်သူမှတွက်စားဖို့ မလိုပါဘူး ဦးလေးတို့ရာ၊ ကျွန်တော်တို့ စားနေကျ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက် အစားအသောက်တွေထဲမှာ ပြည့်စုံလုံလောက်ပြီးသားပါ။ သို့သော်ငြားလည်း ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပြီးစ၊ နာလန်ထစနဲ့၊ အစားအသောက် ရက်ရှည်ပျက်တဲ့အခါမျိုးမှာတော့ ဗီတာမင်မျိုးစုံပါတဲ့ ဆေးပြားတွေကို ဆရာဝန်အကြံပြုချက်နဲ့ စားသင့်တာပေါ့၊ Mineral ဆိုတဲ့ သတ္တုဓာတ်လည်း ဒီတိုင်းပါပဲ၊ သာမန်အခြေအနေမှာ အပိုဆောင်းစားဖို့ (လုံးဝ)မလိုပါဘူး"

"ဗီတာမင်ဆေးပြားတွေကို မလိုအပ်ဘဲစားရင်တော့ အန္တရာယ်ရှိနိုင်လားဆရာ"

"အန္တရာယ်ဆိုတဲ့ စာသားလောက်တော့ မပြင်းထန်ပါဘူး၊ သို့သော် (၁) မလိုအပ်ဘဲနဲ့စားသုံးရင် ဆုံးရှုံးမှုတစ်ရပ်ပါပဲ၊ ဥပမာ–မြန်မာပြည်မှာရှိတဲ့ လူဦးရေ ၅၃ သန်းမှာ လူတစ်သန်းဟာ နေ့စဉ် စီဗစ်တစ်ပြားစီ စားတယ်ဆိုကြပါစို့၊ စီဗစ်တစ်ပြားကို သုံးကျပ်တန်ရင် ငွေသုံးသန်း၊ အဲဒီထဲမှာ မလိုအပ်ဘဲစားတာ ဘယ်နှစ်ယောက်ပါနိုင်သလဲ၊ နောက်ပြီး လူတစ်ယောက်ရဲ့ တစ်နေ့ လိုအပ်ချက်က ၅၀ မီလီဂရမ်ခန့်၊ ဆေးတစ်ပြားရဲ့ အလေးချိန်က ၁၀၀ မီလီဂရမ်၊ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းနေတယ်ဆိုရင်တောင်မှ တစ်ဝက်လောက်ပိုနေပြီလို့ ယူဆနိုင်ပါတယ်။ (၂) မလိုအပ်ဘဲ သို့မဟုတ် လိုတာထက်ပိုပြီး စားမိတယ်၊ ထိုးမိတယ်ဆိုရင် ဥပမာ–ဗီတာမင်အေ ဆိုပါတော့ ဆံပင်တွေကြမ်းပြီး ကျွံလာမယ်၊ မျက်ခုံးမွေးတွေ ကျွတ်လာမယ်၊

## "လူတစ်ယောက်၏ အစားအစာတွင် နေ့စဉ်ပါဝင်သင့်သော ဗီတာမင်နှင့် သတ္တုဓာတ်ပမာဏ"

| | အသက် (နှစ်) | ကီလိုဂရမ်/ ပေါင် ကိုယ်အလေးချိန် | စင်တီမီတာ/ လက်မ အရပ်အမြင့် | ပရိုတိန်း (အသားဓာတ်) ဂရမ် | အဆီတွင်ပျော်ဝင်သော ဗီတာမင်များ | | | ရေတွင်ပျော်ဝင်သော ဗီတာမင်များ | | | | | | | သတ္တုဓာတ်များ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဗီတာမင် အေ ယူနစ် | ဗီတာမင် ဒီ မိုက်ခရိုဂရမ် | ဗီတာမင် အီး မီလီဂရမ် | ဗီတာမင် စီ မီလီဂရမ် | ဖောလစ် အက်စစ် မိုက်ခရိုဂရမ် | နိုင်ယာစင် မီလီဂရမ် | ဗီတာမင် ဘီ၂ မီလီဂရမ် | ဗီတာမင် ဘီ၁ မီလီဂရမ် | ဗီတာမင် ဘီ၆ မီလီဂရမ် | ဗီတာမင် ဘီ၁၂ မီလီဂရမ် | ကယ်လ်စီယမ် မီလီဂရမ် | ဖော့စဖောရပ် မီလီဂရမ် | အိုင်အိုဒင်း မိုက်ခရိုဂရမ် | အိုင်ယင် မီလီဂရမ် | မဂ္ဂနီစီယမ် မီလီဂရမ် | ဇင့် မီလီဂရမ် |
| ကလေး | ၀.၀–၀.၅ | ၆/၁၃ | ၆၀/၂၄ | ကီလိုX၀.၅ | ၄၂၀ | ၁၀ | ၃ | ၃၅ | ၃၅ | ၆ | ၀.၄ | ၀.၃ | ၀.၃ | ၀.၅ | ၃၆၀ | ၂၄၀ | ၄၀ | ၁၀ | ၅၀ | ၃ |
| | ၀.၅–၁.၀ | ၉/၂၀ | ၇၁/၂၈ | ကီလိုX၂.၀ | ၄၀၀ | ၁၀ | ၄ | ၃၅ | ၄၅ | ၈ | ၀.၆ | ၀.၅ | ၀.၆ | ၀.၅ | ၅၄၀ | ၃၆၀ | ၅၀ | ၁၅ | ၇၀ | ၅ |
| ကလေး | ၁–၃ | ၁၃/၂၉ | ၉၀/၃၅ | ၂၃ | ၄၀၀ | ၁၀ | ၅ | ၄၅ | ၁၀၀ | ၉ | ၀.၈ | ၀.၇ | ၀.၉ | ၂.၀ | ၈၀၀ | ၈၀၀ | ၇၀ | ၁၅ | ၁၅၀ | ၁၀ |
| | ၄–၆ | ၂၀/၄၄ | ၁၁၂/၄၄ | ၃၀ | ၅၀၀ | ၁၀ | ၆ | ၄၅ | ၂၀၀ | ၁၁ | ၁.၀ | ၀.၉ | ၁.၃ | ၂.၅ | ၈၀၀ | ၈၀၀ | ၉၀ | ၁၀ | ၂၀၀ | ၁၀ |
| | ၇–၁၀ | ၂၈/၆၂ | ၁၃၂/၅၂ | ၃၄ | ၇၀၀ | ၁၀ | ၇ | ၄၅ | ၃၀၀ | ၁၆ | ၁.၄ | ၁.၂ | ၁.၆ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၂၀ | ၁၀ | ၂၅၀ | ၁၀ |
| ကျား | ၁၁–၁၄ | ၄၅/၉၉ | ၁၅၇/၆၂ | ၄၅ | ၁၀၀၀ | ၁၀ | ၈ | ၅၀ | ၄၀၀ | ၁၈ | ၁.၆ | ၁.၄ | ၁.၈ | ၃.၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀ | ၁၈ | ၃၅၀ | ၁၅ |
| | ၁၅–၁၈ | ၆၆/၁၄၅ | ၁၇၆/၉၆ | ၅၆ | ၁၀၀၀ | ၁၀ | ၁၀ | ၆၀ | ၄၀၀ | ၁၈ | ၁.၇ | ၁.၄ | ၂.၀ | ၃.၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀ | ၁၈ | ၄၀၀ | ၁၅ |
| | ၁၉–၂၂ | ၇၀/၁၅၄ | ၁၇၇/၇၀ | ၅၆ | ၁၀၀၀ | ၇.၅ | ၁၀ | ၆၀ | ၄၀၀ | ၁၉ | ၁.၇ | ၁.၄ | ၂.၂ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၀ | ၃၅၀ | ၁၅ |
| | ၂၃–၅၀ | ၇၀/၁၅၄ | ၁၇၈/၇၀ | ၅၆ | ၁၀၀၀ | ၅ | ၁၀ | ၆၀ | ၄၀၀ | ၁၈ | ၁.၆ | ၁.၄ | ၂.၂ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၀ | ၃၅၀ | ၁၅ |
| | ၅၁+ | ၇၀/၁၅၄ | ၁၇၈/၇၀ | ၅၆ | ၁၀၀၀ | ၅ | ၁၀ | ၆၀ | ၄၀၀ | ၁၆ | ၁.၄ | ၁.၂ | ၂.၂ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၀ | ၃၅၀ | ၁၅ |
| မ | ၁၁–၁၄ | ၄၆/၁၀၁ | ၁၅၇/၆၂ | ၄၆ | ၈၀၀ | ၁၀ | ၈ | ၅၀ | ၄၀၀ | ၁၅ | ၁.၃ | ၁.၁ | ၁.၈ | ၃.၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀ | ၁၈ | ၃၀၀ | ၁၅ |
| | ၁၅–၁၈ | ၅၅/၁၂၀ | ၁၆၃/၆၄ | ၄၆ | ၈၀၀ | ၁၀ | ၈ | ၆၀ | ၄၀၀ | ၁၄ | ၁.၃ | ၁.၁ | ၂.၀ | ၃.၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀ | ၁၈ | ၃၀၀ | ၁၅ |
| | ၁၉–၂၂ | ၅၅/၁၂၀ | ၁၆၃/၆၄ | ၄၄ | ၈၀၀ | ၇.၅ | ၈ | ၆၀ | ၄၀၀ | ၁၃ | ၁.၂ | ၁.၁ | ၂.၀ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၈ | ၃၀၀ | ၁၅ |
| | ၂၃–၅၀ | ၅၅/၁၂၀ | ၁၆၃/၆၄ | ၄၄ | ၈၀၀ | ၅ | ၈ | ၆၀ | ၄၀၀ | ၁၃ | ၁.၂ | ၁.၀ | ၂.၀ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၈ | ၃၀၀ | ၁၅ |
| | ၅၁+ | ၅၅/၁၂၀ | ၁၆၃/၆၄ | ၄၄ | ၈၀၀ | ၅ | ၈ | ၆၀ | ၄၀၀ | ၁၃ | ၁.၂ | ၁.၀ | ၂.၀ | ၃.၀ | ၈၀၀ | ၈၀၀ | ၁၅၀ | ၁၀ | ၃၀၀ | ၁၅ |
| ကိုယ်ဝန်ဆောင် | | | | +၃၀ | +၂၀၀ | +၅ | +၂ | +၂၀ | +၄၀၀ | +၂ | +၀.၃ | +၀.၄ | +၀.၆ | +၁.၀ | +၄၀၀ | +၄၀၀ | +၂၅ | – | +၁၅၀ | +၅ |
| နို့တိုက်မိခင် | | | | +၂၀ | +၄၀၀ | +၅ | +၃ | +၄၀ | +၁၀၀ | | +၀.၅ | +၀.၅ | +၀.၅ | +၁.၀ | +၄၀၀ | +၄၀၀ | +၅၀ | – | +၁၅၀ | +၁၀ |

**၁၀၀၀–မိုက်ခရိုဂရမ်= ၁ မီလီဂရမ်။ ၁၀၀၀ မီလီဂရမ်= ၁ ဂရမ်။ ၁၆ ဒသမ ၃ ဂရမ်= ၁ ကျပ်သား**

**Source- Food and Nutrition Board, National Academy of Science, National Research Council (USA)**

အသားအရေ ခြောက်ခန်းပြီး နှုတ်ခမ်းကွဲမယ်၊ ခေါင်းကိုက်မယ်၊ အဆစ်အမြစ်ကိုက်မယ်၊ အားနည်းသလို ခံစားရမယ်၊ လက်ဖဝါး၊ ခြေဖဝါးတွေ အဝါရောင်သန်းလာမယ်၊ ဆေးဖြတ်လိုက်ရင်တော့ ဒီခံစားရမှုတွေပျောက်သွားမှာပါ။

ဗီတာမင် ဒီ များရင် အစာစားချင်စိတ်လျော့ပြီး ပျို့ချင်၊ အန်ချင်ဖြစ်လာတတ်ပါတယ်။ ဆီးများများရွှင်ပြီးတော့ အားနည်းနုံးချွေတတ်ပါတယ်၊ တစ်ကိုယ်လုံး ယားယံပြီး စိတ်ဂဏာမငြိမ်ဖြစ်တတ်ပါတယ်။ ကျောက်ကပ်ထဲ ကျောက်တည်ပြီး ပျက်စီးတာထိ မဖြစ်သေးရင် ဆေးရပ်လိုက်တာနဲ့ ကောင်းသွားမှာပါ၊ ဗီတာမင်ဘီ အုပ်စုကတော့ (အေ၊ဒီ၊အီး၊ကေ) အုပ်စုလို ခန္ဓာကိုယ်ထဲ သိုလှောင်မထားတော့ ကိစ္စမရှိဘူးဆိုငြားသော်လည်း ဆေးနဲ့မတည့်ရင်သော်လည်းကောင်း၊ Side effect အနေနဲ့သော်လည်းကောင်း တွေ့ရတတ်ပါတယ်၊ ဥပမာ– ဘီ ၁ ရဲ့ Side effect က ခေါင်းကိုက်၊ နှလုံးတုန်၊ အိပ်မပျော်၊ စိတ်လှုပ်ရှားလွယ်တာမျိုး၊ ဘီ ၂က ဆီးဝါပြီး ကင်ဆာရောဂါအတွက် ပေးတဲ့ ဆေးတွေကို နှောင့်ယှက်ပါတယ်၊ ဘီ ၆က နှာဗ်ကြောအဖွဲ့ကို ထိခိုက်စေပါတယ်၊ တီဘီဝေဒနာရှင်ကိုပေးတဲ့ INH ဆိုတဲ့ဆေးနဲ့ အဆစ်ရောင်တဲ့အခါ ပေးတဲ့ Penicillamine ဆိုတဲ့ဆေးကို အာနိသင်ပြယ်စေပါတယ်။ နို့တိုက်မိခင် နို့ထွက်နည်းစေတယ်လို့ သိရပါတယ်။ Folic Acid ကတော့ အိပ်မပျော်၊ ခံတွင်းပျက်ပြီး ဝက်ရူးပြန်ရောဂါရှိတဲ့သူကို ရောဂါတိုးစေတတ်ပါတယ်၊ Nicotinic acid ကတော့ ပျို့၊ အန်၊ ဗိုက်နာ၊ ဝမ်းလျှော၊ အသားဝါ၊ ကိုယ်လက်ယားယံတဲ့အပြင် ပန်းနာရင်ကျပ်ရှိတဲ့လူကို ရောဂါထစေတတ်ပါတယ်၊

ဗီတာမင်စီကတော့ များများစားလွန်းရင် သွားဖုံးက သွေးပြန်စိမ့်ပြန်ရော၊ သူချို့တဲ့လည်း ဒီလက္ခဏာပေါ်တာပါပဲ။ သွေးဖြူဥရဲ့ လုပ်ငန်းရပ်ကို နှောင့်ယှက်တာတို့၊ ခန္ဓာကိုယ်မှာ $G_6PD$ ချို့တဲ့သူဆိုရင် သွေးနီဥသက်တမ်းတို/ပျက်စေတာတို့၊ သွေးကျဲဆေးပေးထားတဲ့ လူနာကို သွေးပိုကျဲစေတာတို့ စာထဲမှာပါတော့ ဆရာဝန်တွေဘက်က သိထားရင် ကောင်းပါတယ်။ ဦးလေးတို့ကတော့ "တန်ဆေးလွန်ဘေး"ဆိုတဲ့ သဘောနဲ့ ဆေးဆိုသည်များကို တကယ်မလိုအပ်ဘဲ မိမိသဘောနဲ့ မစားသုံးမိစေဖို့အပြင် ဗီတာမင်နဲ့ မင်နရယ်သက်စောင့်ဆေးများကို ဆေးဆိုင်များက ဆေးပြားများ ဝယ်စားတာထက် ဟင်းသီးဟင်းရွက်ကို သားငါးနဲ့ရောစား၊ တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်စားကြပါလို့ တိုက်တွန်းချင်ပါတယ်"

"ဒီထဲမှာ ဗီတာမင်ရော၊ သတ္တုဓာတ်ရောပါတဲ့အပြင် အင်တီအောက်စီဒင့်ပါ ရနိုင်တာပေါ့ ဆရာ"

"မှန်ပါတယ်ခင်ဗျာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတစေဖို့မှာ ကိုယ့်စိတ်ကို အလိုမလိုက်ဘဲ ဘယ်လိုဟာကို ရှောင်ရမယ်၊ ဘယ်လိုအာဟာရက သင့်တင့်လျောက်ပတ်စွာ စားသုံးသင့်တယ်ဆိုတာ တွေးချင့်လိုက်နာတာဟာ ကျန်းမာရေးနဲ့ ပြည့်စုံပြီး မကုန်သင့်တာ မကုန်တာပေါ့။ ဒါဟာလည်း ဝင်ငွေတိုးခြင်းတစ်မျိုးပါပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ အခုဆို ဗီတာမင်ကို သက်စောင့်ဆေးအဖြစ် ဘယ်အချိန်အဆနဲ့ ဘယ်အချိန်အခါမျိုးမှာ စားသင့်တယ်ဆိုတာ ကျွန်တော်တို့ သိသွားကြပါပြီ"။ ။

## ယမိုက်–ပဋ္ဌာန်း သင်တန်းဖွင့်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၉**

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ (၁၄)ကြိမ်မြောက် နွေရာသီ ယမိုက်+ပဋ္ဌာန်း သင်တန်းကို ၁၃၆၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်မှ ကဆုန်လပြည့်ကျော် ၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ လျှောက်လိုပါက သင်တန်းဖြစ်မြောက်ရေး ကော်မတီ ဖုန်း–၆၄၀၀၇၅ သို့ ဆက်သွယ်လျှောက်နိုင်ကြောင်း သိရသည်။

အတွင်း သင်တန်းသားများသည် သာသနာဝင်မှတ်တမ်း သို့မဟုတ် ခိုင်လုံသော ထောက်ခံစာ ယူဆောင်လာကြရန်နှင့် သင်တန်းခွဲများကို မန္တလေးမြို့၌ ဗိုလ်ကျောင်း မဟာ ဓမ္မိကာရာမတိုက် ဘုရားကြီးအရှေ့မုခ်တွင် မေ ၂၃ ရက်မှ စတင်၍ လည်းကောင်း၊ သထုံမြို့၌ ရော်ဘာစက်ရုံအနီး စမ်းအေးမြိုင်ကျောင်းတွင် ဧပြီ ၂၁ ရက်တို့တွင် စတင်ကျင်းပ သွားမည်ဖြစ်သည်။ (က–ပ)

## ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

မင်းဘူးမြို့ လင်းနေကျကန်တောရ ဆရာတော် ဦးပဏ္ဍိစ္စ(ဘဘုန်း)၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်ပူဇော်ပွဲကို ယင်းကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးစိုးမြင့်သူ ဖုန်း ၀၁–၆၅၂၁၈၃၊ ဦးညွန့်သန်း ဖုန်း ၀၁–၅၁၄၀၄၆၊ ဦးသန်းထွဋ် ဖုန်း ၀၁–၂၂၀၆၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀–၁–၂၀၀၅ (တနင်္လာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
**၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၃၅** ၆။ မျိုးချစ်တပ်မတော်
**၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅:၀၀** ၈။ **အဝေးသင်ပညာရေးဖို့ချမှု အစီအစဉ်**
–POETRY
- (အင်္ဂလိပ်စာအထူးပြု)
**၅:၃၀** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
**၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၃။ မိုးလေဝသသတင်း
**၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း–၁၅)**
**၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း–၃၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်လျက်ရှိ ပြည်သူများတက်ညီလက်ညီဆောင်ရွက်ပါက အောင်မြင်မှုများ အချိန်တိုအတွင်းရရှိမည်

ရန်ကုန် ဇန်နဝါရီ ၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။**

## ဆွေးနွေးမှာကြား

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)





### အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် လှိုင်သာယာမြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများကို သိရှိနိုင်ရန်နှင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ မိမိတို့အသင်းကြီး၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံများနှင့် ရပ်ကွက်များအတွင်း သောက်သုံးရေသန့် ရရှိရေးနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပြီး အခြေအနေများကို တင်ပြပေးကြရန်နှင့် ထပ်မံဆောင်ရွက်ရန်လိုသည့် လုပ်ငန်းများကိုလည်း ဆွေးနွေးတင်ပြပြီး ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော်သွားကြမည်ဖြစ်ကြောင်း ပဏာမပြောကြားသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြရာ ဗဟိုအတွင်းရေးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်က မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ မြို့နယ်အတွင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို နည်းအမျိုးမျိုးဖြင့်နှောင့်ယှက်ဟန့်တားနေသူ အဖျက်သမားများကို အထူးသတိပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်းတားဆီးသွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြို့နယ် အသင်းဝင်များ အတွက် မှတ်တမ်းစာအုပ်များနှင့် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာသို့ရောက်ရှိပြီး ကုလားကြီးစုကျေးရွာကျေးရွာလမ်းများနှင့် သောက်သုံးရေကန်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကုလားကြီးစုကျေးရွာ ဓမ္မာရုံသို့ သွားရောက်ပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ပါက အောင်မြင်မှုအသီးအပွင့်များ အချိန်တိုအတွင်း ရရှိလာမှာဖြစ်ကြောင်း၊ မိမိတို့အသင်းကြီးအနေဖြင့်လည်း တတ်နိုင်သည့်အပိုင်းမှ လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်း မီးရထားရပ်ကွက်ရှိ ဘုန်းတော်ကြီးပညာသင်ကျောင်းအတွက် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

### ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလားကြီးစုကျေးရွာ သောက်သုံးရေကန်ပြုပြင်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ငွေကျပ်ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျေးရွာရပ်မိရပ်ဖများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး မွန်းလွဲ ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အားသုံးအားဖြစ်သည့် ရပ်ကွက်ပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများ၏အားနှင့် နိုင်ငံတော်၏အားတို့ဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် တက်ညီလက်ညီဖြင့် အောက်ခြေသိမ်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပုဇွန်တောင်မြို့နယ် အသင်း အတွင်းရေးမှူး ဦးဆန်းနီနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်ရီတို့က မြို့နယ်အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်း မီးရထားရပ်ကွက် ဘုန်းတော်ကြီးသင် စာသင်ကျောင်း၊ အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်းများ အတွက် ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် မှတ်တမ်းစာအုပ်များနှင့် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းသည်။

### လမ်းစဉ်(၇)ရပ်ချမှတ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည်မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် ထပ်မံတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်က အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံ၏သမိုင်းကြောင်းအခြေခံများနှင့်အညီ မြန်မာလူမျိုးများ၏ ခေလ့စရိုက်ပေါ်တွင် အခြေခံကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည် ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါတွင်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း။

အသင်းဝင်များ၏ အရည်အသွေးမြင့်မားရေးအတွက် နွေရာသီသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် စီမံခန့်ခွဲရေးသင်တန်းများအပြင် ကွန်ပျူတာသင်တန်း၊ ဇာထိုးပန်းထိုးသင်တန်းနှင့် လူငယ်စာရိတ္တမြင့်မားရေးသင်တန်းများကိုပါ တတ်နိုင်သရွေ့ မြို့နယ်နှစ်ခုစလုံးတွင် တိုးချဲ့ဖွင့်လှစ်ရန် ဖြစ်ကြောင်း။

ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်နှစ်မြို့နယ်စလုံး၏ မီးဘေးအန္တရာယ် ကာကွယ်ရေးလည်း အထူးဂရုစိုက်ပြီးအသင်းသားအားလုံးက တက်တက်ကြွကြွဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းပြောကြားကာ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)



## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

**ရန်ကုန် ဇန်နဝါရီ ၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် စာဖတ်သူများ ဗဟုသုတကြွယ်ဝစေရန် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကြီးကြပ်မှုဖြင့် ကျေးရွာ၊ ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ရာ ကျိုစုအနောက်ကျေးရွာတွင် ဗဟုသုတစာကြည့်တိုက်၊ (၁၀၅)ရပ်ကွက်တွင် စာပဒေသာနှင့် (၁၀၇)ရပ်ကွက်တွင် သုတကောင်းကင်စာကြည့်တိုက် **(အပေါ်ပုံ)** များကို ဒီဇင်ဘာ၂၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်မိုးမိုးဝင်းနှင့် (၁၀၇)ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်သန်းတို့က သုတကောင်းကင်စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ပြန်/ဆက်)



**ဇန်နဝါရီ ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၅) ပညာရေးစုံညီပွဲတော်တွင် သုံးနှစ်ဆက်တိုက် ကျောင်းတွင်းထူးချွန်ပထမဆု၊ မြို့နယ်အဆင့်စာစီစာကုံးပထမဆုနှင့် ဘက်စုံထူးချွန်ဆုများ ရရှိသူမအေးချမ်းမြေ့အား ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဌေးရီက ဆုချီးမြှင့်စဉ်။** (က-ပ)

❍ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ တိုင်းစစ်ဌာနချုပ်အသင်းများနှင့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်း ၁၅သင်းမှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုလိုလားလား နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က ဂေါက်သီးရိုက်၍ ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေး ကြသည်။

## ပထမနေ့ယှဉ်ပြိုင်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတွဲ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတွဲ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ ပါဝင်သော အတွဲတို့သည် ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကစားကြပြီး ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့မှ ဂေါက်သီးရိုက်အားကစား သမားများသည် ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နံနက် ၁၀ နာရီတွင် ပြိုင်ပွဲကျင်းပရာ တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် ဂေါက်သီးရိုက် အားကစားပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် သားရေထည်ပစ္စည်းအရောင်းဆိုင်တို့ကို ကြည့်ရှုကာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၏ ဂေါက်သီးရိုက် ပါဝင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါတပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၁၅သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများက ဆက်လက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

## ဆုချီးမြှင့်

၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၆နာရီတွင် တပ်မတော်ဂေါက်ကွင်း ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဆုချီးမြှင့်ပွဲတွင် ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းက အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲ၌ အသားတင်ရိုက်ချက် ၅၉၅ ချက်ဖြင့် တတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အသင်း၊ အသားတင်ရိုက်ချက် ၅၆၅ချက်ဖြင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အသင်းနှင့် အသားတင်ရိုက်ချက် ၅၂၉ချက်ဖြင့် ပထမဆု ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများချီးမြှင့်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းမှ ဗိုလ်မှူးသန်းထိုက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## အသင်းလိုက်(အကျော့မဲ့)

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၇၄၂ချက်ဖြင့် တတိယ ဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်း၊ စုစုပေါင်းရိုက်ချက် ၇၀၈ ချက်ဖြင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ၂၀၀၄–၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ၌ ပထမဆုရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဇန်နဝါရီ ၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)







ဇန်နဝါရီ ၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၄–၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း) ဂဝံလမ်းသစ်ဖွင့်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၉

**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြကျေးရွာမင်းရဲကျော်စွာလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ပြုပြင်ဆောက်လုပ်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ နေရာများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အားပေးချီးမြှင့်၍ အလှူငွေများလက်ခံသည်။**

ရှေးဦးစွာ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြကျေးရွာ မင်းရဲကျော်စွာလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို နံနက်ဂနာရီတွင်စတင်ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းနှင့် တာဝန်ရှိသူများ၊ သန်မြန်သူယာဉ်လိုင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လမ်းသစ်ဖွင့်ပွဲ အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးကျော်နှင့် သန်မြန်သူယာဉ်လိုင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပြုပြင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူငွေများလက်ခံစဉ်။** (ရကတ)



ခေါင်းကြီး ဆောင်းပါးအညွှန်း

* *နယ်စပ်ဒေသအပါအဝင် ပြည်နယ်၊ တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ညီနှိုင်းပေါင်းစပ် ကြိုးပမ်းဆောင်ရွက်*
(ခေါင်းကြီး) စာမျက်နှာ(၂)
* *ဗီတာမင်နှင့် မင်နရယ်သက်စောင့်ဆေးများကို ဆေးဆိုင်များက ဆေးပြားများဝယ်စားတာထက် ဟင်းသီးဟင်းရွက်ကို သားငါးနဲ့ရောစား၊ တစ်ပိုင်တစ်နိုင်ကိုယ်တိုင်စိုက်စားကြပါလို့ တိုက်တွန်းချင်ပါတယ်။*
*ဒေါက်တာလွင်ကို၏* ***"အသက်ရှည်စွာအနာမဲ့ရေး(၇)"*** (ဆောင်းပါး) စာမျက်နှာ(၆)